# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ
## ၂၀၁၉ ခုနှစ်

အဂတိပယ်ခွာ ပြည်သာယာ

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းခြင်း

| | | |
|---|---|---|
| ဥပဒေအာဏာတည်သည့်နေ့ | - | ၁၇-၉-၂၀၁၃ |
| ပထမအကြိမ်ပြင်ဆင်ခြင်း | - | ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၄) ဖြင့် ပုဒ်မ ၄ ခုအား ပြင်ဆင်ခြင်း။ |
| ဒုတိယအကြိမ်ပြင်ဆင်ခြင်း | - | ၂၉-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၃၃/၂၀၁၆) ဖြင့် ပုဒ်မ ၃ ခုအား ပြင်ဆင်ခြင်း။ |
| တတိယအကြိမ်ပြင်ဆင်ခြင်း | - | ၃၁-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၁၈/၂၀၁၇) ဖြင့် ပုဒ်မ ၂ ခုအား ပြင်ဆင်ခြင်း။ |
| စတုတ္ထအကြိမ်ပြင်ဆင်ခြင်း | - | ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၂၀/၂၀၁၈) ဖြင့် ပုဒ်မ ၂၄ ခုအား ပြင်ဆင်ခြင်း။ |

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ ပြဋ္ဌာန်းခြင်း

| | | |
|---|---|---|
| ပြဋ္ဌာန်းသည့်နေ့ | - | ၁၀-၇-၂၀၁၅ |

# နည်းဥပဒေအသစ်နှင့် အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများ အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)ရေးဆွဲခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို အသစ်ပြန်လည် ရေးဆွဲခဲ့ပြီး စိစစ်အကြံပြုပေးနိုင်ရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားဆဲ ဖြစ်ပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်၍ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများ အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း) ညှိနှိုင်း အစည်းအဝေးများပြုလုပ်၍ အပြီးသတ် မူကြမ်းအား စိစစ်ပေးနိုင်ရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ရာ အကြံပြုချက်ရရှိပြီးဖြစ်၍ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ပထမအကြိမ် ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ရုံးဖွင့်လှစ်ခြင်း

| | | |
|---|---|---|
| ဖွဲ့စည်းသည့်နေ့ | - | ၂၅-၂-၂၀၁၄<br>{ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၁၃)ဦး } |
| ရုံးစတင်ဖွင့်လှစ်သည့်နေ့ | - | ၁၀-၃-၂၀၁၄ |
| ရုံးဖွင့်လှစ်သည့်နေရာ | - | အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊<br>ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော် |

# ဒုတိယအကြိမ် ကော်မရှင်ဖွဲ့စည်းခြင်း

ဖွဲ့စည်းသည့်နေ့ – ၂၃-၁၁-၂၀၁၇

{ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၁၀)ဦး }

| စဉ် | အမည် | ရာထူး/တာဝန် |
|---|---|---|
| ၁ | ဦးအောင်ကြည် | ဥက္ကဋ္ဌ |
| ၂ | ဦးစိုးတင့် | အဖွဲ့ဝင် |
| ၃ | ဦးအောင်လွင် | အဖွဲ့ဝင် |
| ၄ | ဦးဟန်ညွန့် | အဖွဲ့ဝင် |
| ၅ | ဒေါ်မြတ်မြတ်စိုး | အဖွဲ့ဝင် |
| ၆ | ဦးအောင်သန်းမြင့် | အဖွဲ့ဝင် |
| ၇ | ဦးခင်မောင်မြင့် | အဖွဲ့ဝင် |
| ၈ | ဦးမျိုးမြင့် | အဖွဲ့ဝင် |
| ၉ | ဒေါ်အေးအေးမူ | အဖွဲ့ဝင် |
| ၁၀ | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| ၁၁ | ဒေါ်လှဲ့လှဲ့သွင် | အဖွဲ့ဝင် |
| ၁၂ | ဦးစန်းဝင်း | အတွင်းရေးမှူး |

# ကော်မရှင်၏ မျှော်မှန်းချက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်။

## လုပ်ငန်းတာဝန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်ခံယူလျက် အဂတိလိုက်စားမှုဆိုင်ရာ အများပြည်သူသို့ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

## ရည်ရွယ်ချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊

၂။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊

၃။ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊

၄။ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

၅။ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်၊

၆။ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)

## ❖ မဟာဗျူဟာရည်မှန်းချက်

၁။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့်ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရန်၊

၂။ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption) ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန်၊

၃။ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သော ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း (Worldwide Governance Indicators– WGI) တွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန်။

## ❖ လုပ်ငန်းနယ်ပယ်များ

| | |
|---|---|
| လုပ်ငန်း ဧရိယာ(၁) | • အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်း။ |
| လုပ်ငန်း ဧရိယာ(၂) | • ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ |
| လုပ်ငန်း ဧရိယာ(၃) | • အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။ |
| လုပ်ငန်း ဧရိယာ(၄) | • နိုင်ငံတော်ပိုင် ဘဏ္ဍာရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာအကာအကွယ်ပေးခြင်း။ |
| လုပ်ငန်း ဧရိယာ(၅) | • အဂတိလိုက်စားမှုကင်းရှင်းသော စီးပွားရေးနယ်ပယ်ဖြစ်ပေါ်စေခြင်း။ |

# လုပ်ငန်းကော်မတီများပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခြင်း

ကော်မရှင်၏ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းတာဝန်များအား အောက်ပါလုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

- ❖ မူဝါဒရေးရာလုပ်ငန်းကော်မတီ
- ❖ နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ
- ❖ ဥပဒေရေးရာလုပ်ငန်းကော်မတီ
- ❖ တိုင်ကြားစာစိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ
- ❖ ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းကော်မတီ
- ❖ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ
- ❖ လူထုအသိပညာပေးရေးလုပ်ငန်းကော်မတီ

# ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်

- ပေါ်လစီမူဘောင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး၊
- ဥပဒေမူဘောင်ခိုင်မာရေး၊
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး၊
- ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး၊
- ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊
- အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု တွန်းလှန်တိုက်ဖျက်ရေး အစီအစဉ်များအတွက် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး၊
- အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၀ ပြည့်နှစ် လုပ်ငန်း အစီအစဉ် ချမှတ်ရေး၊
- ကော်မရှင်၏ တစ်နှစ်တာဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံစာ တင်ပြရေး။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ခြင်း

## ❖ ကော်မရှင်ရုံးခွဲ(ရန်ကုန်)



| | |
|---|---|
| ဖွင့်လှစ်သည့်နေ့ရက် | ၁၆-၃-၂၀၁၉ |
| ဖွင့်လှစ်သည့်နေရာ | အမှတ်(၆၂-က)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |

## ❖ ကော်မရှင်ရုံးခွဲ(မန္တလေး)




| | |
|---|---|
| ဖွင့်လှစ်သည့်နေ့ရက် | ၁၁-၅-၂၀၁၉ |
| ဖွင့်လှစ်သည့်နေရာ | အမှတ်(၄၀၇)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး၊ |

## ❖ ကော်မရှင်ကျင့်ဝတ် ရေးဆွဲခြင်း

ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လက်တွေ့လိုက်နာကျင့်သုံးနိုင်ရန်အတွက် အခြေခံမူ(၆)ချက်ပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကျင့်ဝတ်အား ၂၀၁၈ ခုနှစ် မေလတွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။




၁။ ဖြောင့်မတ်တည်ကြည်မှု (Integrity)
၂။ လွတ်လပ်စွာရပ်တည်နိုင်မှု (Independence)
၃။ တာဝန်ယူမှု (Accountability)
၄။ ပွင့်လင်းမြင်သာမှု (Transparency)
၅။ မျှတမှု (Fairness)
၆။ အားလုံးပါဝင်နိုင်မှု (Inclusiveness)

# အသိပညာပေးခြင်း

## ❖ ဌာနဆိုင်ရာများသို့ အသိပညာပေးခြင်း

၁-၁-၂၀၁၉ ရက်နေ့မှ ၃၀-၁၀-၂၀၁၉ ရက်နေ့အတွင်း ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများက အဂတိလိုက်စားမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းများ | ၇ ကြိမ် |
| ၂ | ဌာနဆိုင်ရာ သင်တန်းများ | ၁၁ ကြိမ် |
| ၃ | ပြည်ထောင်စုဝန်ကြီးဌာနများ | ၂ ကြိမ် |
| ၄ | အရပ်ဘက်အဖွဲ့အစည်းများ | ၂ ကြိမ် |

## ❖ အများပြည်သူသို့ အသိပညာပေးခြင်း

အများပြည်သူဆိုင်ရာ အသိပညာပေးအစီအစဉ် အနေဖြင့် နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၁၉ခုနှစ်တွင် အောက်ပါရုပ်ပြဇာတ်လမ်းတိုများနှင့် သီချင်းများအား ထပ်မံ ထုတ်လွှင့်ပြသလျက်ရှိပါသည်-











## ❖ ကျောင်းသားလူငယ်များသို့ အသိပညာပေးခြင်း




**ပညာရေးဝန်ကြီးဌာနသို့ "ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံ ပညာမူလတန်း) ဆရာကိုင်စာအုပ် လွှဲပြောင်း ပေးအပ်ခြင်း"**

စာအုပ်ရေ - ၄၀,၀၀၀
လွှဲအပ်သည့်နေ့ - ၁၈-၁၀-၂၀၁၈



**ပညာရေးဝန်ကြီးဌာနသို့"ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ် (အခြေခံပညာ အလယ်တန်း) ဆရာကိုင်စာအုပ် လွှဲပြောင်း ပေးအပ်ခြင်း"**

စာအုပ်ရေ - ၄၀,၀၀၀
လွှဲအပ်သည့်နေ့ - ၂၉-၇-၂၀၁၉

## ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း (၁/၂၀၁၉)




ကျင်းပသည့်နေရာ – နေပြည်တော်၊သင်္ဂဟဟိုတယ်

ကျင်းပသည့်နေ့ရက် – ၃-၆-၂၀၁၉ မှ ၇-၆-၂၀၁၉ ထိ

တက်ရောက်သည့်အင်အား – ၁၂၇ ဦး

တက်ရောက်သည့်တက္ကသိုလ် – (၁၀) ခု နှင့် ကောလိပ်အရေအတွက်

## ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း (၂/၂၀၁၉)




ကျင်းပသည့်နေရာ – မန္တလေးမြို့၊ ရွှေပြည်သာဟိုတယ်

ကျင်းပသည့်နေ့ရက် – ၂၃-၁၁-၂၀၁၉ မှ ၂၈-၁၁-၂၀၁၉ ထိ

တက်ရောက်သည့်အင်အား – ၁၂၇ ဦး

တက်ရောက်သည့်တက္ကသိုလ် – (၁၂) ခု နှင့် ကောလိပ်အရေအတွက်

# အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း

## ❖ စာတမ်းဖတ်ကြားဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း




**"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့"**

ကျင်းပသည့်နေ့ - ၂၂-၁-၂၀၁၈၊၂၃-၁-၂၀၁၈
နေရာ - ရန်ကုန်မြို့၊ Park Royal Hotel
တက်ရောက်သည့်အင်အား - ၂၀၀ ဦးခန့်




**"အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့ တာဝန်ယူမှုမြှင့်တင်ကြပါစို့"**

ကျင်းပသည့်နေ့ - ၆-၁၂-၂၀၁၈
နေရာ - ရန်ကုန်မြို့၊ Rose Garden Hotel
တက်ရောက်သည့်အင်အား - ၄၀၀ ဦးခန့်

## ❖ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း



**"စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာ"**

ကျင်းပသည့်နေ့ - ၁၇-၁၁-၂၀၁၈
နေရာ - မကွေးမြို့၊ မြို့တော်ခန်းမ
တက်ရောက်သည့်အင်အား - ၄၀၀ ဦးခန့်



**"တာဝန်ယူမှုရှိသောအုပ်ချုပ်ရေးနှင့်စီးပွားရေး လုပ်ငန်းများ"**

ကျင်းပသည့်နေ့ - ၁၇-၁-၂၀၁၉
နေရာ - ပဲခူးမြို့၊ မြို့တော်ခန်းမ
တက်ရောက်သည့်အင်အား - ၅၀၀ ဦးခန့်




**"တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့်စီးပွားရေး လုပ်ငန်းများ"**

ကျင်းပသည့်နေ့ - ၂၃-၃-၂၀၁၉
နေရာ - ပုသိမ်မြို့၊ မြို့တော်ခန်းမ
တက်ရောက်သည့် အင်အား - ၅၀၀ ဦးခန့်



**"အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာတာဝန်ယူမှု"**

ကျင်းပသည့်နေ့ - ၂၄-၆-၂၀၁၉
နေရာ - မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ
တက်ရောက်သည့် အင်အား - ၅၀၀ ဦးခန့်



**"အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာဖြောင့်မတ် တည်ကြည်မှု"**

ကျင်းပသည့်နေ့ - ၂၅-၆-၂၀၁၉
နေရာ - ဘားအံမြို့၊ သီရိဘားအံဟိုတယ်
တက်ရောက်သည့် အင်အား - ၅၀၀ ဦးခန့်



**"တာဝန်ယူမှုရှိသောအုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ"**

ကျင်းပသည့်နေ့ - ၂၄-၁၀-၂၀၁၉
နေရာ - မုံရွာမြို့၊ မြသလ္လာခန်းမ
တက်ရောက်သည့် အင်အား - ၄၀၀ ဦးခန့်

## ❖ တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း

ပြည်ထောင်စု ဝန်ကြီးဌာန အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ရှေ့ပြေးစီမံကိန်းအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း(၁၄)ခုတွင် CPU အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန (၁၇)ခုနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း (၅)ခု၊ စုစုပေါင်း (၂၂)ခု တို့တွင် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

အသေးစားအဂတိလိုက်စားမှုများ လျှော့ချနိုင်ရန်အတွက် Proactive Beneficiary Engagement (PBE) Mechanism ကို CPU Toolkit အဖြစ် အသုံးပြု၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် ဝန်ဆောင်မှု ရယူခဲ့သော ပြည်သူများထံသို့ တယ်လီဖုန်းမှ တစ်ဆင့် SMS ပေးပို့၍ ဝန်ဆောင်မှုအပေါ် အကြံပြုချက်ရယူနိုင်ရေးကို ရှေ့ပြေးစီမံကိန်းအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၁၀)ခုရှိ CPU အဖွဲ့များမှ စတင် စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။




## ❖ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ CPU များမှ CPU Toolkit ကို အသုံးပြု၍ တယ်လီဖုန်းမှတဆင့် ဝန်ဆောင်မှု ရယူသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း












## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခြင်း

ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအား မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးဆောင်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့နှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ စတင်၍ အောက်ပါအတိုင်း နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါသည်-

### (၁၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း




ကျင်းပသည့်နေရက် - ၈-၁၂-၂၀၁၇
ကျင်းပသည့်နေရာ - နေပြည်တော်
Kempinski Hotel

### (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း



ကျင်းပသည့်နေရက်- ၇-၁၂-၂၀၁၈
ကျင်းပသည့်နေရာ - ရန်ကုန်မြို့၊
Rose Garden Hotel

# နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း

## ❖ UNCAC သို့ ဝင်ရောက်ခြင်း

UNCAC–United Nations Convention Against Corruption (ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း)

ပါဝင်လက်မှတ်ရေးထိုးသည့်နေ့ - ၂-၁၂-၂၀၀၅
အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုသည့်နေ့ - ၂၀-၁၂-၂၀၁၂
{(၁၆၅)နိုင်ငံမြောက်}

## ❖ UNCAC အကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်

မြန်မာနိုင်ငံအနေဖြင့် UNCAC အကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး ပထမစက်ဝန်း (၂၀၁၀–၂၀၁၅)အတွက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

| | **သုံးသပ်သည့်နိုင်ငံ** | **သုံးသပ်ခံရသည့်နိုင်ငံ** |
|---|---|---|
| (က) | မြန်မာနိုင်ငံ + တိုဂိုနိုင်ငံ | ကမ္ဘောဒီးယားနိုင်ငံ |
| (ခ) | ထိုင်းနိုင်ငံ + ဘူရွန်ဒီနိုင်ငံ | မြန်မာနိုင်ငံ |

မြန်မာနိုင်ငံအနေဖြင့် UNCAC အကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး ဒုတိယစက်ဝန်း (၂၀၁၆–၂၀၂၀)အတွက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

| | **သုံးသပ်သည့်နိုင်ငံ** | **သုံးသပ်ခံရသည့်နိုင်ငံ** |
|---|---|---|
| (က) | မြန်မာနိုင်ငံ + အိုင်ဗရီကို့စ်နိုင်ငံ | နိုင်ဂျီးရီးယားနိုင်ငံ |
| (ခ) | မြန်မာနိုင်ငံ + ကူဝိတ်နိုင်ငံ | ယူအေအီးနိုင်ငံ |
| (ဂ) | အီရတ်နိုင်ငံ + ဥဇဘတ်ကစ္စတန်နိုင်ငံ | မြန်မာနိုင်ငံ |

## ❖ SEA-PAC သို့ ဝင်ရောက်ခြင်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (South East Asia Parties Against Corruption–SEA-PAC) သို့ ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဘရူနိုင်းနိုင်ငံ၊ Anti-Corruption Bureau (ACB)

ကမ္ဘောဒီးယားနိုင်ငံ၊ Anti-Corruption Unit (ACU)

အင်ဒိုနီးရှားနိုင်ငံ၊ Corruption Eradication Commission (Komisi Pemberantasan Korupsi_KPK)

လာအိုနိုင်ငံ၊ State Inspection of Anti-Corruption Authority (SIAA)

မလေးရှားနိုင်ငံ၊ Malaysia Anti-Corruption Commission (MACC)

မြန်မာနိုင်ငံ၊ Anti-Corruption Commission Myanmar (ACCM)

ဖိလစ်ပိုင်နိုင်ငံ၊ Office of the Ombudsman (OMB)

စင်္ကာပူနိုင်ငံ၊ Corrupt Practices Investigation Bureau (CPIB)

ထိုင်းနိုင်ငံ၊ National Anti-Corruption Commission (NACC)

ဗီယက်နမ်နိုင်ငံ၊ Government Inspectorate of Vietnam (GIV)

SEA-PAC အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရုံးအဖွဲ့ အစည်းအဝေးများအား နှစ်စဉ်နိုင်ငံအလိုက် အလှည့်ကျ တာဝန်ယူ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံက အစည်းအဝေးများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| စဉ် | ကျင်းပသည့်အစည်းအဝေး | ရက်စွဲ |
|---|---|---|
| ၁ | (၁၀)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (မလေးရှား) | ၁-၁၂-၂၀၁၄ မှ ၃-၁၂-၂၀၁၄ ထိ |
| ၂ | (၁၁)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေး (မလေးရှား) | ၂၈-၄-၂၀၁၅ မှ ၂၉-၄-၂၀၁၅ ထိ |
| ၃ | (၁၁)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (ဘရူနိုင်း) | ၁-၁၂-၂၀၁၅ မှ ၃-၁၂-၂၀၁၅ ထိ |
| ၄ | (၁၂)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေး ( ဘရူနိုင်း) | ၂၇-၄-၂၀၁၆ မှ ၂၈-၄-၂၀၁၆ ထိ |

| စဉ် | ကျင်းပသည့်အစည်းအဝေး | ရက်စွဲ |
|---|---|---|
| ၅ | (၁၂)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (မြန်မာ) | ၁၄-၁၂-၂၀၁၆ မှ ၁၆-၁၂-၂၀၁၆ထိ |
| ၆ | (၁၃)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေး (မြန်မာ ) | ၁၀-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ထိ |
| ၇ | (၁၃)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (ဖိလစ်ပိုင်) | ၂၇-၁၁-၂၀၁၇ မှ ၂၉-၁၁-၂၀၁၇ ထိ |
| ၈ | (၁၄)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေး (ဖိလစ်ပိုင်) | ၁၈-၇-၂၀၁၈ မှ ၁၉-၇-၂၀၁၈ ထိ |
| ၉ | (၁၄)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (စင်္ကာပူ) | ၂၉-၁၀-၂၀၁၈ မှ ၃၁-၁၀-၂၀၁၈ ထိ |
| ၁၀ | (၁၅)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေး (စင်ကာပူ) | ၉-၇-၂၀၁၉ မှ ၁၀-၇-၂၀၁၉ ထိ |
| ၁၁ | (၁၅)ကြိမ်မြောက် အကြီးအမှူး အစည်းအဝေး (ထိုင်း) | ၈-၁၀-၂၀၁၉ မှ ၉-၁၀-၂၀၁၉ ထိ |

# နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း




- ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ Government Inspectorate of Vietnam နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း



- ၁-၂-၂၀၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ National Anti-Corruption Commission နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း



- ၁၅-၁-၂၀၁၈ရက်နေ့တွင် လာအိုနိုင်ငံ၊ State Inspection and Anti-Corruption Authority နှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း




❖ ၃၀-၅-၂၀၁၈ ရက်နေ့တွင် ကိုရီးယားနိုင်ငံ၊ Anti-Corruption and Civil Rights Commission နှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း

## LoI လက်မှတ်ရေးထိုးခြင်း




❖ ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ် အကဲဖြတ်ခြင်းနှင့် အခြားစွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးအတွက် Letter of Intent (LoI) လက်မှတ်ရေးထိုးခြင်း။

## နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti-Corruption Academy -IACA) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခြင်း



❖ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ IACA ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင် နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါသည်။

# နိုင်ငံတကာ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းနှင့် ပြည်တွင်း၌ လက်ခံတွေ့ဆုံခြင်း

၁-၁-၂၀၁၉ ရက်နေ့မှ ၃၀-၁၀-၂၀၁၉ ရက်နေ့အတွင်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အောက်ပါအတိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ပြည်ပ၌ ကျင်းပသည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း | ၁၅ ကြိမ် |
| ၂ | ပြည်တွင်း၌ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစည်းအဝေး၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း | ၆ ကြိမ် |
| ၃ | နိုင်ငံတကာ အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံခြင်း | ၄၇ ကြိမ် |

## မှတ်တမ်းဓါတ်ပုံများ










# CPI အညွှန်းကိန်း

မြန်မာနိုင်ငံသည် နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International – TI) က သတ်မှတ်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index – CPI) အရ မြန်မာနိုင်ငံ၏ နှစ်အလိုက် ရမှတ်နှင့် အညွှန်းကိန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| ခုနှစ် | ရမှတ် | အဆင့် | နိုင်ငံပေါင်း |
|---|---|---|---|
| ၂၀၁၂ | ၁၅ | ၁၇၂ | ၁၇၆ |
| ၂၀၁၃ | ၂၁ | ၁၅၇ | ၁၇၇ |
| ၂၀၁၄ | ၂၁ | ၁၅၆ | ၁၇၅ |
| ၂၀၁၅ | ၂၂ | ၁၄၇ | ၁၆၈ |
| ၂၀၁၆ | ၂၈ | ၁၃၆ | ၁၇၆ |
| ၂၀၁၇ | ၃၀ | ၁၃၀ | ၁၈၀ |
| ၂၀၁၈ | ၂၉ | ၁၃၂ | ၁၈၀ |

**ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှု ဖြစ်ပွားမှုနှုန်း အခြေပြမြေပုံ**



## စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း

၁-၁-၂၀၁၉ ရက်နေ့မှ ၃၀-၁၀-၂၀၁၉ ရက်နေ့အတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးနှင့် ရုံးလုပ်ငန်းကျွမ်းကျင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အောက်ပါအတိုင်း သင်တန်းများသို့ စေလွှတ်တက်ရောက်နိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | သင်တန်း အရေအတွက် | ဦးရေ |
|---|---|---|---|
| ၁ | ပြည်ပသို့ သင်တန်းသား စေလွှတ်ခြင်း | (၇) ခု | (၂၀) ဦး |
| ၂ | ပြည်တွင်း၌ နိုင်ငံတကာ အဖွဲ့အစည်းများမှ သင်တန်း ဖွင့်လှစ်ပို့ချခြင်း | (၃ ) ခု | (၁၆၆) ဦး |
| ၃ | ကော်မရှင်ရုံးတွင် ဖွင့်လှစ်သောသင်တန်းများ | (၁) ခု | (၅၆) ဦး |
| ၄ | ဗဟိုဝန်ထမ်း တက္ကသိုလ်နှင့် အခြားဌာန ဆိုင်ရာသင်တန်းများ | (၃၂) ခု | (၄၃) ဦး |






# စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁-၁-၂၀၁၉ ရက်နေ့မှ ၃၀-၁၀-၂၀၁၉ ရက်နေ့အထိ ကော်မရှင်ထံ တိုင်ကြားသည့် တိုင်ကြားစာများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အရေးယူ ဆောင်ရွက်ထားရှိပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် (စောင်) | | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | လက်ခံရရှိသည့် တိုင်ကြားစာ | | ၈၇၈၂ | |
| ၂ | ကော်မရှင်မှ စိစစ်အရေးယူဆောင်ရွက်ပြီးစီးမှု | | ၈၀၇၆ | ၉၂% |
| | (က) စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ | ၆၆ | | |
| | ( ခ ) ကြိုတင်ထောက်လှမ်းစုံစမ်းခြင်း | ၂၅၂ | | |
| | ( ဂ ) ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ | ၁၁၁၉ | | |
| | (ဃ) ဥပဒေနှင့်သက်ဆိုင်မှုမရှိသော်လည်း တိုင်ကြားသူထံ အကြံပြုချက် ဖော်ပြ၍ ပြန်ကြားစာ | ၄၃၀၃ | | |
| ၃ | ဥပဒေနှင့်အကျုံးဝင်သက်ဆိုင်ခြင်းမရှိသည့်တိုင်ကြားစာ | ၂၃၃၆ | | |
| | (က) အဆင့်မြင့်ပုဂ္ဂိုလ်ထံ လိပ်မူတိုင်ကြားခြင်း | - | | |
| | ( ခ ) တရားရုံးရင်ဆိုင်စစ်ဆေးဆဲကိစ္စဖြစ်ခြင်း | - | | |
| | ( ဂ ) အကြိမ်ကြိမ်တိုင်ကြားသော်လည်း အရေးကြီးသော သက်သေခံချက် မပါရှိခြင်း | ၈၅၃ | | |
| | (ဃ) ပစ်စာ | ၁၁၂ | | |
| | ( င ) မိတ္တူပေးပို့ခြင်း | ၁၃၅၄ | | |
| | ( စ ) ရုတ်သိမ်းသည့်တိုင်ကြားစာ | ၁၇ | | |
| | ( ဆ ) ဥပဒေမပြဋ္ဌာန်းမီက ကိစ္စတိုင်ကြားခြင်း | - | | |
| ၄ | စိစစ်ဆောင်ရွက်ဆဲ | | ၇၀၆ | ၈% |

## ❖ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်ကြားစာ ရောက်ရှိမှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အရေအတွက် |
|---|---|---|
| ၁ | နေပြည်တော် | ၄၀၁ |
| ၂ | ကချင်ပြည်နယ် | ၁၆၉ |
| ၃ | ကယားပြည်နယ် | ၂၇ |
| ၄ | ကရင်ပြည်နယ် | ၁၃၅ |
| ၅ | ချင်းပြည်နယ် | ၆၅ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၃၆ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၉ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၇၈၃ |
| ၉ | မကွေးတိုင်းဒေသကြီး | ၄၄၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၅၀၉ |
| ၁၁ | မွန်ပြည်နယ် | ၃၇၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၇၅၄ |
| ၁၃ | ရခိုင်ပြည်နယ် | ၂၃၄ |
| ၁၄ | ရှမ်းပြည်နယ် | ၄၁၅ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၉၁၁ |
| ၁၆ | စိစစ်ဆဲ | ၇၀၆ |
| | စုစုပေါင်း | ၈၇၈၂ |

## ❖ အရေးယူဆောင်ရွက်ခြင်း

စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာများအပေါ် အောက်ပါအတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အရေးယူဆောင်ရွက်သည့်ဥပဒေပုဒ်မ | ဦးရေ |
|---|---|---|
| ၁ | ဥပဒေပုဒ်မ ၅၅ | ၁ |
| ၂ | ဥပဒေပုဒ်မ ၅၅/၆၃ | ၃ |
| ၃ | ဥပဒေပုဒ်မ ၅၆ | ၅၄ |
| ၄ | ဥပဒေပုဒ်မ ၅၆/၆၃ | ၉ |
| ၅ | ဥပဒေပုဒ်မ ၅၇ | ၁ |
| ၆ | ဥပဒေပုဒ်မ ၅၉ | ၁ |
| ၇ | ဥပဒေပုဒ်မ ၅၉/၆၃ | ၂ |
| ၈ | ဥပဒေပုဒ်မ ၃၀ (ခ) | ၆၈ |
| | စုစုပေါင်း | ၁၃၉ |


## ❖ လွှဲပြောင်းပေးပို့ခြင်း( ၁-၁-၁၉ ရက်နေ့မှ ၃၁-၁၀-၁၉ထိ)


သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့်တိုင်ကြားစာများအနက် (၇၄၄)စောင် ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များက ဝန်ထမ်းစည်းမျဉ်းစည်းကမ်း အရ အောက်ပါအတိုင်း အရေးယူဆောင်ရွက်ခဲ့ပါသည်-


| စဉ် | အရေးယူဆောင်ရွက်သည့် ပြစ်ဒဏ် | ဦးရေ |
|---|---|---|
| ၁ | စာဖြင့်သတိပေးခြင်း | ၂၅၉ |
| ၂ | နှစ်တိုးလစာရပ်ဆိုင်းခြင်း | ၂၀ |
| ၃ | ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း | ၁၇ |
| ၄ | လစာနှုန်းအတွင်း လစာလျှော့ချခြင်း | ၆ |
| ၅ | ရာထူးအဆင့်လျှော့ချခြင်း | ၃၄ |
| ၆ | ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း | ၁၄ |
| ၇ | တာဝန်မှ ရပ်ဆိုင်းခြင်း | ၁၅ |
| ၈ | ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း | ၁၆ |
| ၉ | ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်း | ၁၂ |
| ၁၀ | အမှုထမ်းသက်လျှော့ချခြင်း | ၁၅ |
| ၁၁ | လုပ်ထုံးလုပ်နည်းဖြင့်အရေးယူခြင်း | ၇ |
| | စုစုပေါင်း | ၄၁၅ |


# စစ်တမ်းကောက်ယူခြင်း

မြန်မာနိုင်ငံအတွင်း နယ်ပယ်အသီးသီး၌ ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများနှင့် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများအပေါ် ပြည်သူလူထု၏ သဘော ထားအမြင်များကို သိရှိပြီး အများပြည်သူနှင့် လက်တွဲဆောင်ရွက်နိုင်မည့်အချက်အလက်များ ရရှိရန် ရည်ရွယ်၍ United States Agency International Development – USAID ၏ မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးအစီအစဉ် PRLM မှ ကောက်ယူခဲ့သည့်စစ်တမ်း ဖြစ်ပါသည်။



# ပြစ်မှုပြစ်ဒဏ်များ

| | | |
|---|---|---|
| ပုဒ်မ ၅၅။ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | (၁၅)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၅၆။ | လုပ်ပိုင်ခွင့်အာဏာရှိသူ | (၁၀)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၅၇။ | လုပ်ပိုင်ခွင့်အာဏာရှိသူမှအပအခြားသူ | (၇)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၅၈။ | သက်သေခံပစ္စည်း ဖုံးကွယ်၊ ဖျောက်ဖျက်၊ ပြောင်းလဲခြင်း | (၅)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၅၉။ | မမှန်မကန် တိုင်ကြားခြင်း | (၃)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၆၀။ | ထုတ်ဆင့်အမိန့် မလိုက်နာခြင်း | (၆)လ ထောင်ဒဏ် |
| ပုဒ်မ ၆၁။ | ပိုင်ဆိုင်မှုကြေညာ ပျက်ကွက်၊ မမှန်၊ ထိန်ချန်ခြင်း | (၅)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၆၂။ | ထုတ်ဆင့်အမိန့်အား ဘဏ်မှငြင်းပယ်၊ ပျက်ကွက်ခြင်း | (၅)နှစ် ထောင်ဒဏ် |
| ပုဒ်မ ၆၃။ | ပူးပေါင်းကြံစည်ခြင်း | သတ်မှတ် ပြစ်ဒဏ် |

ပုဒ်မ ၆၈။ အဂတိလိုက်စားမှုအား ဤဥပဒေအရသာ အရေးယူရမည်။

ပုဒ်မ၃၀(ခ)။ ဝန်ထမ်းစည်းကမ်းအရ အရေးယူ ဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်း။

# တိုင်ကြားရာတွင် သတိပြုရမည့် အချက်များ

- ❖ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝ ချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့ နိုင်သည်။
- ❖ တိုင်ကြားစာ ပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်း မပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
- ❖ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
- ❖ အရေးကြီးသောသက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက် စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင် ရမည်။
- ❖ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေ ပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

# လိပ်မူတိုင်ကြားရန်လိပ်စာ

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

အားကစားလေ့ကျင့်ရေးစခန်း၊ အုပ်စု (၁)၊

ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊

နေပြည်တော်။

ဖုန်း – ၀၆၇ ၈၁၀၃၃၄၇

**Facebook : ACC Myanmar**

**Website : www.accm.gov.mm**

❖ ကော်မရှင် Website Page တွင် e-Complaint System ဖြင့် တိုင်ကြားခြင်းဆောင်ရွက်နိုင်ရန်အတွက် ၁-၁၂-၂၀၁၈ ရက်နေ့မှစတင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

